# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 2 December 2025 ၁၂၀၁၉


## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဌာနကြီးမှူးများ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် သင်တန်းကျောင်းသုံးခုမှ သင်တန်းသား သင်တန်းသူများကို လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းများသည် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းကျောင်းများဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းဟူ၍ရှိပြီး အစိုးရက နိုင်ငံရေး ဦးဆောင်မှုပေး၍ မူဝါဒချမှတ်ပေးကာ နိုင်ငံ့ဝန်ထမ်းများက စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


ယနေ့ ဖတ်စရာ

ယုံကြည်စိတ်ချရဆုံးသော မိတ်ဆွေရင်း မိတ်ဆွေစစ်

ဆောင်းပါး စာမျက်နှာ » ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူ မဲပေးကြမယ် အစီအစဉ်များ စတင်ဆောင်ရွက်

စာမျက်နှာ » ၁၁


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၁

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၂ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာလှုပ်ရှား

၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုများကို မြန်မာနိုင်ငံတွင် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး" ဖြစ်သည်။ ယင်းသည် ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများအတွက် အရေးကြီးသည့် သတိပေးနှိုးဆော်ချက်ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ အများပြည်သူနေရာများတွင်ဖြစ်စေ၊ ပုဂ္ဂလိကသီးသန့်နေရာများတွင်ဖြစ်စေ အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း သို့မဟုတ် လွတ်လပ်ခွင့်အား ငြင်းဆန်ပြီး တစ်ဖက်သတ်ပြုမူခြင်း စသည့် ခြိမ်းခြောက်မှုများအပါအဝင် ကိုယ်ထိလက်ရောက်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ထိခိုက်နစ်နာစေမည့် သို့မဟုတ် ထိုသို့ထိခိုက်နစ်နာဖွယ်ရှိသည့် ကျား/မရေးရာကိုအခြေခံသော အကြမ်းဖက်မှုအပြုအမူတစ်ရပ်ကို ဆိုလိုကြောင်း ၁၉၉၃ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ၏ ကြေညာစာတမ်း (DEVAW) ၏ အပိုဒ်(၁)တွင် ဖော်ပြထားသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်းအပေါ်တွင်သာမက ၎င်းတို့၏မိသားစုများ၊ လူမှုအသိုင်းအဝိုင်းများနှင့် လူ့အဖွဲ့အစည်းအတွက်ပါ ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်။ အမျိုးသမီးများဆိုရာ၌ သက်ငယ်ကလေးအရွယ်နှင့် အပျိုဖော်ဝင်အရွယ်များအတွက် ဆိုပါမူ ပန်းကောင်းအညွန့်ကျိုး၍ လူဖြစ်ရှုံးရသည့်အဖြစ်ဆိုးမျိုးပင် ဖြစ်စေနိုင်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက အမျိုးသမီးသုံးဦးတွင် တစ်ဦးသည် ၎င်းတို့၏ဘဝတစ်လျှောက်တွင် အနည်းဆုံးတစ်ကြိမ် အကြမ်းဖက်မှုနှင့် ကြုံတွေ့ရသည်ဟု ဖော်ပြထားရာ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများအတွက် အန္တရာယ်မကျရောက်စေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။

အမျိုးသမီးများနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများ၊ မိသားစုပြဿနာအခက်အခဲများနှင့် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုကိုဖြစ်စေသလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများလည်း ပိုမိုမြင့်တက်စေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျား/မ မခွဲခြားဘဲ အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာများ တစ်နေ့တခြား တိုးတက်ထွန်းကားလာသည်နှင့်အမျှ ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများလည်း ကမ္ဘာပေါ်ရှိမည်သည့်နေရာဒေသတွင်မဆို လွယ်ကူလျင်မြန်စွာ ဖြစ်ပေါ်လာနိုင်သည့်အတွက် ယခုနှစ်တွင် "အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး" ဆောင်ပုဒ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစိုးရဌာနနှင့် အဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးများနှင့်ပတ်သက်၍ အကြမ်းဖက်ခံရသူများက အကူအညီတောင်းခံသည့် ဖုန်းနံပါတ် ၁၅၆၆ ကို တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်အပေါ်မူတည်၍ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ (Case Manager) ၅၉၆ ဦးနှင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အကြမ်းဖက်ခံရသူ အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာနှင့် ကျား/မအခြေပြု အကြမ်းဖက်ခံရသူများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်ပေးနိုင်သည့်စင်တာတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့တွင် ဖွင့်လှစ်ပေးပြီး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ လူကုန်ကူးမှုတွင် အရေးကြီးသည့်ပါဝင်ပတ်သက်မှုဖြစ်သော အငှားဇနီးမယားအဖြစ် ရောင်းစားခံရမှုများမှာ ယခုအခါ တွင်ကျယ်လာသည်ကို တွေ့မြင်နေရသည်။ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု၍ လိမ်လည်လှည့်ဖြားရောင်းစားခြင်းမခံရအောင် အသိပညာပေးမှုများနှင့်အညီ သတိပြုလုပ်ကိုင်နိုင်ရေးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိသားစု၊ လူမှုအသိုင်းအဝိုင်းတို့ကလည်း အဆိုပါအမှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ပပျောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက်ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် **"ကြိုတင်မျှော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ ကမ်းလင့်ချက်"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

■

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၃-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၁၁-၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ၁ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၇၄ | ၂၆၄,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁,၀၆၁ | ၈,၁၆၉,၇၀၀ |
| FPB | ၂,၂၀၀ | ၂,၂၀၀ | ၂၁၅ | ၄၇၃,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၉၅၀ | ၂ | ၅,၈၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၃၄၂ | ၅၆၆,၄၀၀ |
| AMATA | ၃,၅၅၀ | ၃,၆၀၀ | ၆၈၆ | ၂,၄၅၂,၁၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၁၃ | ၄၀,၉၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၅၀ | ၁၃၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အကောင်အထည် ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **အစိုးရအဖွဲ့မှ နိုင်ငံရေးအရ ဦးဆောင်သူများ အနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်း ဖြစ်**ကြောင်း၊ နိုင်ငံရေးတွင် အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒများ ကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး/ဌာနများအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

**ဝန်ထမ်းများ အားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများ ဖြစ်**ကြောင်း၊ **ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လို**ကြောင်း၊ လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး မြင့်မားသည့်ဘဝကို ပိုင်ဆိုင်လိုကြသဖြင့် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့်လည်း မိမိတို့ဝန်ထမ်းသက်တမ်း တစ်လျှောက် တက်ရောက်ရမည့်သင်တန်းများ အားလုံးတွင် စဉ်ဆက်မပြတ်သည့် ကြိုးစား အားထုတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သင်တန်းကျောင်းများ အနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများရရှိစေရေး အချိန်၊ ငွေကြေးအရင်းအနှီးများစွာ ကုန်ကျခံသင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှ သင်ကြားပေးသည်များကို တန်ဖိုးထား၍ သင်ယူသွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်၏နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်မှန်ကန်ကန် သိရှိနားလည်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက်၌ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများ လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး အဆင့်ဆင့် ဖော်ဆောင်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်မှပင် ဦးဆောင်၍ ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို မှန်မှန်ကန်ကန် လေ့လာသိရှိနားလည်ကြရန်လိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့သည် ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်ရမည့်အချက်များ ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် ပတ်သက်၍ လွတ်လပ်ရေးသည် ခက်ခက်ခဲခဲကြိုးပမ်း၍ ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရ ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်း နောက်ခံများလည်း ရှိကြောင်း၊ အရှေ့နှင့် အနောက်၏ မတူညီသည့်သဘောသဘာဝများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ တည်ငြိမ်မှုရရှိရန် လိုအပ်နေမှုများကို တည်ငြိမ်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်**ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများ ဖြစ်သဖြင့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ကြရန် လို**ကြောင်း၊ လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေး ရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုများရှိကြောင်း၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရအယူဝါဒကွဲပြားမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရမှုများရှိသကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကာလများ၌လည်း လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒ ကွဲပြားခဲ့မှုများရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေ ယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာ ပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ပြီးချိန်တွင် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီ ဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်း မရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မှုများနှင့် အခက်အခဲ၊ အကျပ်အတည်းများကို မိမိတို့အနေဖြင့် သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ စုစည်းညီညွတ်သည့်အားဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံ တစ်ခုတွင် ရွေးကောက်ပွဲသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် ယခုလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းများကို စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား နိုင်ငံတော်၏ လုံခြုံရေးအခြေအနေအရ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှု ပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း၊ **သင်တန်းသား သင်တန်းသူများ အနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော် တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း (Institution)ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လို**ကြောင်း။

စီးပွားရေးနှင့် ပတ်သက်၍ ခေတ်အဆက်ဆက်တွင် ကျင့်သုံးခဲ့သည့် စီးပွားရေးစနစ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး အဆိုပါလိုငွေများကို Non-Trade များမှ ရရှိသည့် ငွေများဖြင့် ပြန်လည်ဖြည့်တင်းခဲ့ကြကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း ကုန်သွယ်မှုလိုငွေများ ရှိခဲ့ကြောင်း၊ Non- Trade မှ ရသည့် ငွေများတွင် ပြည်ပမှချေးငွေများ၊ ထောက်ပံ့ငွေများ ပါဝင်ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်မှသာလျှင် ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ပြည်ပပို့ကုန်များလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် အခက်အခဲများကြားမှ ကုန်သွယ်မှုလိုငွေများလျော့နည်းစေရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုအတွက် လိုအပ်သည့် ပို့ကုန်များကို ရရှိမည်ဖြစ်ကြောင်း၊ ပို့ကုန်များရရှိမှသာ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများ လျော့နည်းလာမည်ဖြစ်ကြောင်း။

ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းကြောင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်ပြီး ပိုလျှံသည့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း ပြည်တွင်း၌ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များကိုပိုမိုတိုးတက် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်း လိုအပ်ချက်ရှိသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်အတွက် ကုန်ကျနေရသည့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားကုန်၊ သုံးကုန်၊ သောက်ကုန်များကို ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သွားမည် ဆိုပါက နိုင်ငံခြားငွေများသုံးစွဲရမှု များစွာ လျော့နည်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများ၊ စီးပွားရေးအရ ဖြစ်ပေါ်နေသည့်အခြေအနေများကို သိရှိနားလည်နိုင်ရန် ယခုကဲ့သို့ အချိန်ယူ၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ခြင်း ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံ၍ သင်တန်း လာရောက်တက်ကြရသူများဖြစ်သဖြင့် သင်တန်း တက်ရောက်နေရသည့် အချိန်အတွင်း အမှန်တကယ် တတ်မြောက်အောင်သင်ယူသွားကြရန်နှင့် သင်တန်းပြီးဆုံးပါက အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ်တွင် ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံး ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **အစိုးရအဖွဲ့မှ နိုင်ငံရေးအရဦးဆောင်သူများအနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်းဖြစ်**
- ❖ **ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**
- ❖ **နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်**
- ❖ **နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရန်လို**

- ❖ **သင်တန်းသား သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်း (Institution) ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လို**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟော်သဓခန်းမအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ် သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သို့ရောက်ရှိရာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ အခြေခံ ဆရာ ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။

ထို့နောက် တက္ကသိုလ် အစည်းအဝေးခန်းမတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ တက္ကသိုလ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များ၊ လေ့ကျင့်ရေးနှစ်တစ်နှစ်အတွင်း လေ့ကျင့်ပေးရန် လျာထားမှု၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ ၁၉၉၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ သင်တန်းများဖွင့်လှစ် လေ့ကျင့်ပေးခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ ဌာနများအလိုက် ဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်ထားရှိမှု၊ သင်တန်းသားများအား သင်တန်းများလေ့ကျင့်သင်ကြားပေးလျက်ရှိမှု၊ မန္တလေး ငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံများနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး သင်တန်းသားများနှင့် ဝန်ထမ်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် နှစ်ခုတွင် သင်တန်းများအလိုက် သင်တန်းအချိန်ခွဲဝေမှု၊ သင်တန်းအဆင့်သတ်မှတ်ချက်များ၊ သင်ခန်းစာများ ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရေးနှင့် တက္ကသိုလ်များ၏ မျှော်မှန်းချက်များအတိုင်း ဖြစ်စေရေး ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ခွင့် မဆုံးရှုံးစေရန်အတွက် သင်တန်းသားအရေအတွက် ပိုမိုလေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခင်ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်း စည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်းဦးရေအရ လုံလောက်မှုမရှိသေးသဖြင့် လက်ရှိနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသားဦးရေများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် သင်တန်းများ တက်ရောက်ပြီးမှသာ ရာထူးတိုးခြင်းများကို ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းများ အားလုံး ပုံစံတကျဖြစ်စေရန်အတွက် ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရေး အခြေခံစစ်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ **အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့် စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာမည်ဖြစ်**ကြောင်း၊ အလားတူ ဝန်ကြီးဌာနများအားလုံး၏ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်၏ ရည်မှန်းချက်မှာ နိုင်ငံတော်အတွက် လိုအပ်သည့် ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ယခုနိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များတွင် ရုံးလုပ်ငန်း စည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေး အမှုထမ်းများ၊ အရာထမ်းများအား ဘာသာရပ်များအလိုက် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ သင်ကြားပေးရာတွင်လည်း ထိရောက်သည့် သင်ကြားလေ့ကျင့်မှုများဖြစ်ရန် လိုကြောင်း၊ **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်**ကြောင်း၊ **အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကို ချစ်မြတ်နိုးသည့် စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို**ကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များ ထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန် လိုကြောင်း။

ဥပဒေနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြရန်လိုကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းအားလုံး ဥပဒေကို သိရှိနားလည်ကြရန် လိုအပ်သဖြင့် အခြေခံပညာအဆင့်မှ စတင်၍ ဥပဒေအသိပညာများကို သင်ကြား

**စာမျက်နှာ ၅ သို့ »»»**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရှင်းလင်းတင်ပြစဉ်။

»»» **စာမျက်နှာ ၄ မှ**

ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးသည်လည်း အသက်(၁၈)နှစ်ပြည့်ပြီးသူများ ဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်နေရန် လိုအပ်ပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားရာတွင် ဥပဒေပညာရပ်များကို ထည့်သွင်းသင်ကြားပေးရန် လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ရုံးလုပ်ငန်း စည်းမျဉ်းများ စနစ်တကျရှိစေရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှစတင်၍ အခြေခံရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။

သင်တန်းသား များ၏ စားသောက် နေထိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ထိုက်သင့်သည့် နှုန်းထားဖြစ်စေရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အနေဖြင့် သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုများ၏ စားရေးကို အထောက်အကူပြုစေမည့် ရာသီသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ဝန်ထမ်းများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဆိုပါက သက်သာချောင်ချိရေး အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များအတွက် လိုအပ်သည့် ကြက်ဥများ၊ အသားများ လုံလောက်စွာရရှိရေး အတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတွက်ချက်မွေးမြူရန်လိုကြောင်း မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နီလာခန်းမနှင့် မဟော်သဓခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခတ္တာဆောင်ရှိ သင်တန်းသူအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ အခြေခံဆရာ ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး နေ့လယ်စာ သုံးဆောင်အပြီးတွင် သင်တန်းသူ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)သို့ ရောက်ရှိရာ လေ့ကျင့်ရေးဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရဲအရာရှိများအား လေ့ကျင့်ပေးနေသည့် ကျောင်းများနှင့်အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေသည့် ကျောင်းများ၏ သမိုင်းအကျဉ်း၊ ဗဟိုမီးသတ်သင်တန်းကျောင်း သမိုင်းအကျဉ်းကို လည်းကောင်း၊ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းများအလိုက် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှု၊ စာပေပညာ၊ စစ်ပညာနှင့် ကြံ့ခိုင်ရေးဘာသာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိမှု၊ သင်တန်းကျောင်းများအလိုက် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေများ၊ သင်တန်းများအလိုက် လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လေ့ကျင့်ရေးအဆောက်အအုံများ၊ အထောက်အကူပြု ယာဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပြည်သူ့ဆက်ဆံရေးကောင်းမွန်၍ အလေ့အကျင့်ကောင်း (Good Practice)ရှိသော ရဲတပ်ဖွဲ့ဝင်များ ဖြစ်စေရေး**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရဲတပ်ဖွဲ့ဝင် အရာရှိများနှင့် အခြားအဆင့်များ၏လေ့ကျင့်ရေးကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် အဖွဲ့အစည်းများဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲဥပဒေများကို သာမက ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ထုတ်ပြန်ထားသည့် ဥပဒေများအားလုံးကို မရှိမဖြစ် သိရှိနားလည်နေရန်လိုအပ်သဖြင့် ဥပဒေအသိပညာများကို သင်ကြားပေးရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက် တပ်ပြင်စည်းရုံးရေး ပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း၊ အသိပညာအားနည်းသည့်သူများအနေဖြင့် ဥပဒေကို လိုက်နာမှု အားနည်းကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရာ ဒေသအလိုက် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုကို ကြည့်၍ စည်းကမ်း ထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ဝင်များကသာ ဆောင်ရွက်ရကြောင်း၊ **စာမျက်နှာ ၆ သို့** »»»

❖ **နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်**

❖ **အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိလာမည်**

❖ **အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို**

»»» **စာမျက်နှာ ၅ မှ**

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ မြင့်မားလာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာ”** ဆိုသည့်အတိုင်း အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် အလေ့အကျင့်ကောင်း (Good Practice)များရရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လို**ကြောင်း၊ ထိုသို့ လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ဝတ်စားဆင်ယင်မှုစည်းကမ်းမှအစ နေ့စဉ်ဆောင်ရွက်ရမည့် နိစ္စဓူဝလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သမားစဉ်ဆောင်ရွက်ရမည့် ကျန်းမာကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေး၊ ဝတ်စားဆင်ယင်မှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ အမြင်ကောင်းမွန်စေရေး တာဝန်ထမ်းဆောင်ချိန်များတွင် အရက်၊ ဆေးလိပ်၊ ကွမ်း သုံးစွဲမှုများကို တစ်ဦးချင်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှ အစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **“ကူညီပါရစေ”** ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အတိုင်း ပြည်သူများက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ အတွေးအခေါ်များ ကောင်းမွန်တိုးတက်စေရေး စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

အုပ်ချုပ်မှုနှင့် ပတ်သက်၍ အုပ်ချုပ်မှုများ ညီညွတ်မျှတနေရန် လိုကြောင်း၊ ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရာတွင် အုပ်ချုပ်မှုများညီညွတ်မျှတမှုရှိစေရေး ဒုရဲအုပ်သင်တန်းမှစတင်၍ သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအတွက် အထောက်အကူ ဖြစ်စေမည့် ကိုယ်ခံပညာရပ်များကို သင်တန်းကျောင်းများ၌ မဖြစ်မနေ သင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ ထိုသို့ သင်ကြားနိုင်ရန် အတွက်လည်း ကိုယ်ခန္ဓာများ ကြံ့ခိုင်သန်စွမ်းနေရန် လိုကြောင်း၊ ရဲတပ်ဖွဲ့သည် နိုင်ငံအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ကောင်းများ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ နိုင်ငံ့တာဝန်ထမ်းဆောင်မှုများအပေါ်တွင်လည်း လေးစားအသိအမှတ်ပြုရန်လိုပြီး အချင်းချင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်ဖြင့် အတူတကွ တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများစားသုံးနိုင်သည့် အသား၊ ငါး၊ ဥနှင့် သီးနှံများကို အဓိကထား စိုက်ပျိုးမွေးမြူသွားရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများနှင့် ရဲတပ်ဖွဲ့တံဆိပ်၊ ပခုံးတံဆိပ်များ၊ လက်ရှိ အသုံးပြုလျက်ရှိသည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများ၊ အဆင့်တံဆိပ်များနှင့် ဝတ်စုံများ၊ ရဲတပ်ဖွဲ့သုံး လက်နက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပြည်ပနိုင်ငံများမှပေးပို့သည့် အမှတ်တရပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သင်တန်းကျောင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သင်တန်းသားများ ဗဟုသုတ တိုးပွားစေရေးအတွက် စာအုပ်စာစောင်များဖတ်ရှုစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ စာကြည့်တိုက်အတွင်း စာအုပ်များ စနစ်တကျထားရှိရန်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်လိုင်းခန်းအတွင်းရှိ ရဲမေများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund– UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ရုံးချုပ်မှ Senior Fund Portfolio Manager Ms. Qi Cui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄၇)၌ ကျင်းပသည်။




ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက အိပ်ချ်အိုင်ဗွီပိုးကူးစက်ရန် အန္တရာယ်ရှိသော ဦးတည်အုပ်စုဝင်များအတွက် ကြိုတင်ကာကွယ်ဆေး တိုက်ကျွေးခြင်း၊ အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်းမြင့်မားသည့်ဦးတည်အုပ်စုဝင်များ ပိုမိုလက်လှမ်းမီနိုင်ရန် လူထုအခြေပြု အိပ်ချ်အိုင်ဗွီပဏာမစစ်ဆေးခြင်းနှင့် အိပ်ချ်အိုင်ဗွီရှိ/မရှိ မိမိကိုယ်တိုင် ပဏာမသွေးစစ်ဆေးခြင်းများကိုလည်း ဦးတည်အုပ်စုဝင်များအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် “ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့” ဆောင်ပုဒ်ဖြစ်သည့် "Overcoming disruption, transforming the AIDS response" “AIDS ရောဂါတိုက်ဖျက်ဖို့ အခက်အခဲများကို ဖြေရှင်းလို့ အတူပူးပေါင်းဆောင်ရွက်စို့” ဆိုသည့်အတိုင်း အိပ်ချ်အိုင်ဗွီ ကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံးလက်တွဲပြီး အခက်အခဲများ ပူးပေါင်းဖြေရှင်းကာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ မြန်မာလူငယ်ကြယ်ပွင့်များ အိပ်ချ်အိုင်ဗွီလျှော့ချရေးအသင်း အလုပ်အမှုဆောင်ဥက္ကဋ္ဌက အိပ်ချ်အိုင်ဗွီပိုးနှင့် နေထိုင်သူများကိုယ်စား ဆွေးနွေးပြောကြားခြင်းနှင့် မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုကြည့်ရှုပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြု ကွန်ရက်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (The Global Fund) ရုံးချုပ်မှ Senior Fund Portfolio Manager Ms. Qi Cui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၆ ခုနှစ်အတွက် ဝန်ကြီးဌာနနှင့် The Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မည့် တီဘီရောဂါ၊ ခုခံကျကာလသားရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ၊ အအောာရ်တီဆေးဝါးများ၊ တီဘီဆေးဝါးများနှင့် ငှက်ဖျားရောဂါ ကုသရေးဆေးဝါးများ ပြတ်လပ်မှုမရှိစေရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ The Global Fund မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၂၆ ရက်**

**သာ လိုတော့သည်။**

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။



## ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူးကျင်းပသည့် သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၅)၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၂) သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်က မိတ်ဆက်စကားပြောကြားကာ ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်းမှူး ဦးစိန်တိုး(ဆန်းလင်း)က သင်တန်းပို့ချမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၈၀ ပါဝင်တက်ရောက်ကြပြီး ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ ရွေးကောက်ပွဲနှင့် မီဒီယာ၊ ရွေးကောက်ပွဲဆိုင်ရာ အင်္ဂလိပ်စာ၊ ရွေးကောက်ပွဲနေ့ သတင်းရေးသားခြင်း၊ အွန်လိုင်းသတင်းရေးသားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာနှင့် ပုံနှိပ်မီဒီယာဥပဒေ၊ ရွေးကောက်ပွဲသတင်းရေးသားခြင်း၊ ရွေးကောက်ပွဲသတင်းအချက်အလက်များ စုစည်းရေးသားခြင်းနှင့် ရွေးကောက်ပွဲရလဒ်များ စုစည်းသတင်းရေးသားခြင်း စသည့် ဘာသာရပ်များကို ဦးမြတ်စိုး(လှိုင်)၊ ဦးခင်မောင်အေး(KMA)၊ ဦးခင်မောင်ကျော်ဒင်(MPC)၊ ဦးအောင်ဇော်မျိုး(ပြန်ကြားရေးဝန်ကြီးဌာန)၊ ဦးတင်မောင်ဦး(ကြို့ပင်ကောက်တင်မောင်ဦး)၊ ဒေါက်တာဇော်သန်း(ဆန်ကေးရှင်ဘွန်း-ဂျပန်)နှင့် ဦးရန်ကျော်(မြန်မာ့အရေးလေ့လာသုံးသပ်သူ)တို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ပန်းတောင်းမြို့၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး ကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးသည် ယနေ့နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိ၍ စကားဝါမြေခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေးနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ မဲစာရင်းလာရောက်ကြည့်ရှုရေး အစရှိသည်တို့ကို ဆွေးနွေးမှာကြားပြီး ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးသည် ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)သို့ ရောက်ရှိပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်များ Installation လုပ်ငန်း ဆောင်ရွက်ခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် လွတ်လပ်ရေးရပ်ကွက်၊ တမ္ပဝတီရပ်ကွက်၊ ဈေးကွက်သစ် ရပ်ကွက်နှင့် လယ်ယားတောင် ကျေးရွာတို့တွင် ဒုတိယအကြိမ် မဲစာရင်းကပ်ကြေညာထားရှိမှုတို့ကို ကြည့်ရှုခဲ့ပြီး မဲစာရင်းများ တိကျမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း တစ်အိမ်တက်ဆင်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**နေအောင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေးရည်ရွယ်ကာ မဲဆန္ဒရှင်ပြည်သူများ၏ နေအိမ်များသို့ရပ်ကွက်/ကျေးရွာအလိုက်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အဖွဲ့များက တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ခြင်းကို နိုဝင်ဘာ ၃၀ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၃၉ အုပ်စုသို့ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ကမာရွတ်မြို့နယ်၌ ပြည်သူများ မဲစာရင်းမကျန်ရှိစေရေး အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင်ပါဝင်နိုင်စေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းမှ စတင်၍ ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကမာရွတ်မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာထားလျက်ရှိရာ မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မဲစာရင်းတွင် ပါဝင်သင့်သူပါဝင်ပြီး မပါဝင်သင့်သူများ ပါဝင်မှုမရှိစေရန် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကော်မတီအဖွဲ့များနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဝင်များ ပူးပေါင်း၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်း မပါဝင်သင့်ဘဲ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းများကို လိုက်လံစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**စိမ်းလဲ့(ပြန်/ဆက်)**

## ကဝမြို့နယ်၌ ပြည်သူများ မဲစာရင်း မကျန်ရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ကဝ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်စေရေးနှင့် မကျန်ရှိစေရေးအတွက် ယမန်နေ့နံနက်ပိုင်းတွင် တစ်အိမ်တက်ဆင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မဲစာရင်းစိစစ်ကြီးကြပ်ရေးအဖွဲ့၊ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ပူးပေါင်း၍ အဖွဲ့ ၃၂ ဖွဲ့ခွဲကာ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်းတွင်ပါဝင်သည့် အမည်စာရင်း မှန်/မမှန်၊ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်း မပါဝင်သင့်ဘဲ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

# ယုံကြည်စိတ်ချရဆုံးသော မိတ်ဆွေရင်း မိတ်ဆွေစစ်

**မင့်စ်လမ်း(Street MINSKAYA)။ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်ရှိ ထီးဟန်နန်းဟန် တော်ဝင်ဆန်သော လမ်းအမည်များအကြားတွင် ဤလမ်း၏ အမည်က ထူးခြားနေသည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ် သမ္မတနိုင်ငံ၏ မြို့တော် မင့်စ်မြို့၏အမည်ကို ဂုဏ်ပြုပြီး ဖွင့်လှစ်လိုက်သည့် ဤလမ်း၏အမည်က နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမှတ်တမ်းတစ်ခုအဖြစ် အနာဂတ်ကာလတစ်လျှောက်တွင် တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။**

နေမင်းသျှင်



မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ထားခဲ့သည့် ၂၆ နှစ်တာကာလအတွင်း ယခု ၂၀၂၅ ခုနှစ်သည် ထူးခြားသည့်နှစ်ဖြစ်သည်။ **“၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံအတွက် အမှတ်တရများ များစွာရှိပြီး နှစ်နိုင်ငံအကြား သမိုင်းအသစ်များ စိုက်ထူနိုင်သည့် နှစ်တစ်နှစ်ဖြစ်သည်”** ဟု ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Aleksandr Lukashenko က ဆိုသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် တစိုက်မတ်မတ် ခိုင်မာနက်ရှိုင်းလာခဲ့ရာ ယခုကာလတွင် အနီးကပ်ဆုံးနှင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုနှစ်အတွင်း နှစ်နိုင်ငံအကြီးအကဲတို့၏ ပထမဆုံးသော တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်နိုင်ခဲ့သလို နှစ်နိုင်ငံအကြီးအကဲတို့၏ တွေ့ဆုံမှုမှာလည်း ယခုနှစ်အတွင်း ခြောက်ကြိမ်တိုင်တိုင်ရှိခဲ့သည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းက နှစ်နိုင်ငံသံတမန်ဆက်ဆံမှုနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေသည်။

## နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ယခုနှစ်မတ်လအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခု ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး၏ မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများဖြစ်သည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင် သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို နှစ်ဖက်လက်မှတ်များ ရေးထိုးကာ အပြန်အလှန် လဲလှယ်ခဲ့ကြခြင်းဖြစ်သည်။

> **တွေ့ဆုံဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ မြန်မာနိုင်ငံ အတွက် လိုအပ်နေသည့် လိုအပ်ချက်များအားလုံးကို ဘယ်လာရုစ်ဘက်က ဖြည့်ဆည်းပေးနိုင်သလို ဘယ်လာရုစ်ဘက်က လိုအပ်ချက်ရှိနေသည့် အခန်းကဏ္ဍများ၊ ပစ္စည်းများကို မြန်မာနိုင်ငံက ဖြည့်ဆည်းပေးနိုင်သည်ဆိုသည့် အချက် ထွက်ပေါ်လာသည်။ သို့ဖြစ်ရာ နှစ်နိုင်ငံအကြား ကုန်သွယ်စီးပွား တိုးမြှင့်နိုင်သည့် အခွင့်အလမ်းကောင်းများရှိ**

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈) တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့်အချက်များစွာပါဝင်ပြီး ယင်းလမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံ စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။**

မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို နိုဝင်ဘာလ ၂၇ ရက်နေ့က ရန်ကုန်မြို့တွင်ကျင်းပရာ နှစ်နိုင်ငံဘက်မှသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါစီးပွားရေးဖိုရမ်ကို နှစ်နိုင်ငံ ကုန်သည်စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ရလဒ်ကောင်းများရရှိခဲ့သည်။

## နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြား

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး စုစုပေါင်း စာချုပ် ၁၆ စောင်ကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko တို့သည် နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်း နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှင်းလင်းပြောကြားချက်တွင် **“ဒီနေ့ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံပြီးတဲ့နောက်မှာ အရင်တွေ့ဆုံဆွေးနွေးချက်များနဲ့ သဘောတူညီချက်များ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဖို့ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ ကဏ္ဍများစွာ၊ အထူးသဖြင့် ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ အားကစားနဲ့ ခရီးသွားကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားမယ့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်”** ဟု ထည့်သွင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေဖို့နှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဆင့်သို့ တိုးမြှင့်သွားရန်နှင့် ဘယ်လာရုစ်နိုင်ငံ၏ ကိုယ်စားလှယ်ရုံးကိုလည်း မြန်မာနိုင်ငံတွင် ဖွင့်လှစ်သွားရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးကလည်း **“ကျွန်တော်တို့ တွေ့ဆုံမှုမှာ နှစ်နိုင်ငံအတွက် အရေးကြီးတဲ့ ဒီဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ ဆေးဝါးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ပူးပေါင်းမှုဆိုင်ရာကိစ္စရပ်များ အစရှိတဲ့အရေးကြီးတဲ့ အခန်းကဏ္ဍတွေကို ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါတယ်”** ဟု ထည့်သွင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ မည်သည့်ကြားဝင် နှောင့်ယှက်မှုကိုမျှ ဂရုမပြုဘဲ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

## ကုန်သွယ်စီးပွားတိုးမြှင့်နိုင်သည့် အခွင့်အလမ်းကောင်းများရှိ

**တွေ့ဆုံဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် ရလဒ်များအရ မြန်မာနိုင်ငံအတွက် လိုအပ်နေသည့် လိုအပ်ချက်များအားလုံးကို ဘယ်လာရုစ်ဘက်က ဖြည့်ဆည်းပေးနိုင်သလို ဘယ်လာရုစ်ဘက်က လိုအပ်ချက်ရှိနေသည့် အခန်းကဏ္ဍများ၊ ပစ္စည်းများကို မြန်မာနိုင်ငံက ဖြည့်ဆည်းပေးနိုင်သည်ဆိုသည့် အချက်ထွက်ပေါ်လာသည်။ သို့ဖြစ်ရာ နှစ်နိုင်ငံအကြား ကုန်သွယ်စီးပွားတိုးမြှင့်နိုင်သည့် အခွင့်အလမ်းကောင်းများရှိနေသည်။**

မိမိတို့အနေဖြင့် ဘယ်လာရုစ်နိုင်ငံမှ ပစ္စည်းများကို ရောင်းချခြင်းသာမက နှစ်နိုင်ငံပူးပေါင်း၍ စက်ရုံများ တည်ထောင်ခြင်း၊ ကုမ္ပဏီများ တည်ထောင်ခြင်းတို့ပြုလုပ်ရန် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံက လိုအပ်ချက်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံတွင် ပူးတွဲကုမ္ပဏီများ တည်ထောင်လိုကြောင်းတို့ကိုလည်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးက ပြောကြားခဲ့သည်။ ဥရောပတိုက်အလယ်ပိုင်းတွင် တည်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံသည် တည်နေရာအနေအထားအရ မြန်မာနိုင်ငံနှင့် အလှမ်းကွာဝေးသော်လည်း နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေးတို့ နှစ်မျိုးလုံးရှိနေပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုအပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း မြန်မာနိုင်ငံဘက်မှ ရပ်တည်ကာ အကူအညီများ တစိုက်မတ်မတ်ပေးအပ်ခဲ့သည့်နိုင်ငံလည်းဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-SCO ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် BRICS အဖွဲ့၏ မိတ်ဖက်နိုင်ငံ (partner country) ဖြစ်လာသည်။ ထို့အပြင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ဝင် ငါးနိုင်ငံ၌ ပါဝင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခု ၂၀၂၅ ခုနှစ်သည် ဘယ်လာရုစ်နိုင်ငံက EAEU ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရသောနှစ်ဖြစ်သည်။

စက်မှုနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေသည့် ဘယ်လာရုစ်သည် စက်မှု၊ ဆေးဝါးနည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မီနည်းပညာရပ်များကို ပိုင်ဆိုင်ထားသည်။ လယ်ယာစိုက်ပျိုးရေးအခြေခံသည့် မြန်မာနိုင်ငံ၌ မရှိမဖြစ်လိုအပ်သော ဓာတ်မြေဩဇာထုတ်လုပ်ရေးတွင် ဘယ်လာရုစ်သည် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာတင်သွင်းမှုမြှင့်တင်နိုင်သလို မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံမှ လာရောက်၍ ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၉ သို့ ❄

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်း၌ စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်မောင်းဆီများ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေးနည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိကာလတွင် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်း မရှိသေးသည့်အတွက် ပြည်ပမှတင်သွင်းနေရပါကြောင်း၊ လက်ရှိပြည်ပမှ ဝယ်ယူသုံးစွဲနေသည့်အချိန်တွင် အဓိကအားဖြင့် ပြည်သူလူထုအနေဖြင့် ဈေးနှုန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ထိခိုက်နစ်နာမှုမရှိစေရေး အထူးဦးစားပေး ဆောင်ရွက်ပေးရန် မိမိတို့တွင် တာဝန်ရှိပါကြောင်း၊ ပြည်ပမှ စက်သုံးဆီများ တင်သွင်းရာတွင် တင်သွင်းလာသည့် စက်သုံးဆီများ၏ အရည်အသွေးပြည့်မီမှန်ကန်မှုရှိစေရေး အရေးကြီးပါကြောင်း၊စက်သုံးဆီဖြည့်ဆည်းမှုကွင်းဆက်အတွင်း ကြပ်မတ်စစ်ဆေးသည့်အခါတွင် လူကြောင့် အားနည်းမှုများ မဖြစ်ပေါ်စေရေးအတွက် နည်းပညာအသုံးပြု၍ ကြပ်မတ်စစ်ဆေးမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းခဲ့သည်မှာ အချိန်ကာလတစ်ခုရှိသော်လည်း လက်တွေ့ဆောင်ရွက်နိုင်မှု မရှိသေးသည်ကို တွေ့ရှိရပါကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ယခု



လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပါကြောင်း၊ ဦးစွာ Terminal များမှစ၍ Auto Tank Gauging (ATG) စနစ်များကို တပ်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူနှင့် လုပ်ငန်းရှင်များမှ ပူးပေါင်း၍ ပြည်သူ့အကျိုးရှေးရှုပြီး လက်တွဲညီစွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ပစက်သုံးဆီတင်သင်္ဘောမှ စက်သုံးဆီများ လက်ခံချယူသိုလှောင်နေမှု၊ သိုလှောင်ကန်စခန်းများတွင် Auto Tank Gauging (ATG) စနစ် တပ်ဆင်၍ Control Room မှ စက်သုံးဆီများ ဖြန့်ဖြူးပေးနေမှုနှင့် လက်ကျန်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည်သိုလှောင်သင်္ဘော (Floating Storage Unit– FSU) နှင့် သဘာဝဓာတ်ငွေ့ရည်ကို ဓာတ်ငွေ့ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit) တို့၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ရည်(LNG)မှ ဓာတ်ငွေ့ပြန်လည်ထုတ်ယူသုံးစွဲရာတွင် ထွက်ရှိလာသည့် ဓာတ်ငွေ့မှာ သန့်ရှင်းမှုရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ပါကြောင်း၊ ထို့ပြင် အပူစွမ်းအင်လည်း အလွန်မြင့်မားသည့်အတွက် လျှပ်စစ်ဓာတ်အားပိုမို၍ ထွက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ LNG ကို ကမ္ဘာ့နိုင်ငံများတွင် အဓိကစွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုနေကြရာ လာမည့်ဆယ်စုနှစ်အတွင်း LNG သုံးစွဲမှုသည် များစွာတိုးမြင့်လာမည်ဟု ခန့်မှန်းထားရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် LNG အသုံးပြုသည့် နည်းပညာပိုင်းနှင့်ပတ်သက်၍ လေ့လာသင်ယူပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး သဘာဝဓာတ်ငွေ့ရည်သိုလှောင်သင်္ဘောနှင့် သဘာဝဓာတ်ငွေ့ရည် (LNG) ကို သဘာဝဓာတ်ငွေ့ ပြန်လည်ပြုလုပ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသည့် စက်ရုံလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် ဆောင်ရွက်လျက်ရှိသည့် ရေနံချက်စက်ရုံသစ်စီမံကိန်းအတွက် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သီလဝါဆိပ်ကမ်းမှ သန်လျင်ရေနံချက်စက်ရုံသို့ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် Myan Oil Terminal ၌ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ပေးမည့် ပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပိုက်သွယ်တန်းခြင်းလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် သန်လျင်ရေနံချက်စက်ရုံသစ်စီမံကိန်းလုပ်ငန်းများနှင့်သီလဝါဆိပ်ကမ်းမှစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူရောက်ရှိတပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(သာကေတ)၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲအတွင်းရှိ သိုလှောင်ကန်များနှင့် Jetty များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် မီးဘေးကြိုတင် ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အမှတ် (၁)ရပ်ကွက် ဘုရင့်နောင်ဈေး(ကားပစ္စည်းဝင်း) တာဝန်ခံရုံးတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇာနည်ထက်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက စစ်ဆေးဆောင်ရွက်စဉ်။

မောင်အေးချမ်း(ပြန်/ဆက်)


❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**


✳ စာမျက်နှာ ၈ မှ

ထို့အပြင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက်လည်း နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိနေသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်အကြီးအကဲတို့၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲများ၊ စီးပွားရေးဖိုရမ်များ၌ ဆွေးနွေးမှုများအတွင်း ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည့်အလျောက် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမှာ မကြာမီ အကောင်အထည်ပေါ်လာနိုင်မည်ဖြစ်သည်။

> **❛ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက်လည်း နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရှိနေသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်အကြီးအကဲတို့၏ အပြန်အလှန် ချစ်ကြည်ရေး ခရီးစဉ်များအတွင်း နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲများ၊ စီးပွားရေးဖိုရမ်များ၌ ဆွေးနွေးမှုများအတွင်း ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည့်အလျောက် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမှာ မကြာမီ အကောင်အထည် ပေါ်လာနိုင်မည် ❜**

### မိတ်ရင်းဆွေရင်း ဆက်ဆံရေး၏ နက်ရှိုင်းမှုကိုဖော်ပြ

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှာ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အဟန့်အတား၊ အနှောင့်အယှက် အဖျက်အဆီးများက နှစ်နိုင်ငံ၏ခံစားချက်ကို တူညီစေပြီး အပြန်အလှန်နားလည်စာနာမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြစ်ပေါ်စေသည်။ **“မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ အရေးပါတဲ့မိတ်ဆွေရင်း၊ မိတ်ဆွေစစ်နိုင်ငံတွေဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ယုံကြည်စိတ်ချရဆုံးသော နိုင်ငံဖြစ်စေရမှာဖြစ်သလို မြန်မာနိုင်ငံဟာလည်း ဘယ်လာရုစ်ရဲ့ ယုံကြည်စိတ်ချရဆုံး နိုင်ငံဖြစ်စေရမှာဖြစ်ပါတယ်”** ဟူသော နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောကြားချက်က နှစ်နိုင်ငံကြားတည်ရှိနေသည့် မိတ်ရင်းဆွေရင်း ဆက်ဆံရေး၏ နက်ရှိုင်းမှုကို ဖော်ပြနေသည်။

နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အနီးကပ်ဆုံးနှင့် အမြင့်ဆုံးသို့ရောက်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့က နှစ်နိုင်ငံနှင့် နှစ်ဖက်ပြည်သူတို့၏ အကျိုးစီးပွားကို မြင့်မားအောင် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Aleksandr Lukashenko ၏ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် မှတ်တမ်းတင်နိုင်သည့် ခရီးစဉ်တစ်ခုဖြစ်သည်။ အဆိုပါ ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အမြင့်ဆုံးသို့ရောက်ရှိခြင်းကို မှတ်ကျောက်တင်သည့်အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးသစ်ပင်ကို နေပြည်တော်ဥယျာဉ်အတွင်း အမှတ်တရစိုက်ပျိုးခဲ့သည်။

ဘယ်လာရုစ်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ကံ့ကော်ပင်သည် သဘာဝဘေးဒဏ်တို့ကို ကြံ့ကြံ့ခံကာ ရှင်သန်ဖွံ့ဖြိုးရင်း ဖြူစင်လှပမွှေးပျံ့သောပန်းတို့ ဝေဆာဖူးပွင့်လာမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ ထွက်ပေါ်လာသည့် အကျိုးစီးပွားတို့သည်လည်း နှစ်နိုင်ငံပြည်သူများအတွက် လှပမွှေးပျံ့သည့် ပန်းများသို့နှယ် ဖူးပွင့်ဝေဆာလာမည့် အနာဂတ်ဆီသို့ ရည်မျှော်ကြည်နူးမိပါကြောင်း။ ။

# စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ စက်မှုဇုန်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒက္ခိဏာသီရိစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်းများ၊ ကျွမ်းကျင်မှုအခြေပြု ကာလတိုသုံးလသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စက်မှုဆိုင်ရာအခြေခံပညာရပ်များကို သင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် အထောက်အကူဖြစ်စေရေးအတွက် စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်းများကို ၂၀၁၄ ခုနှစ်မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သင်တန်း ၁၄၈ ကြိမ်ဖွင့်လှစ်၍ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၃၃၈ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း။

စက်မှုနှင့် သက်မွေးပညာရွှေ့လျားသင်တန်းများတွင် သင်ကြားသော ဘာသာရပ်ဆိုင်ရာသင်တန်းများသည် အသိပညာအဆင့်မှ လက်တွေ့အသုံးချလုပ်ကိုင်၍ ကျွမ်းကျင်မှုအဆင့်သို့ ဦးတည်သည့် ပညာရပ်များဖြစ်ခြင်းကြောင့် သင်တန်းကာလအား အနည်းဆုံး ရက်သတ္တနှစ်ပတ် သတ်မှတ်ထားရှိကြောင်း၊ ယခုသင်တန်းတွင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအုတ်မြစ်များကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်၍ စနစ်တကျနာယူမှတ်သားကြရန်နှင့် သင်ယူရရှိလာသည့် ပညာရပ်များကို လုပ်ငန်းခွင်တွင် အချင်းချင်းပြန်လည်မျှဝေပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က နေပြည်တော်အတွင်းရှိ စက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ MSME များအတွက် လိုအပ်သော ချေးငွေများထုတ်ချေးပေးထားမှု၊ SME Member Card များ ထုတ်ပေးပြီးစီးမှုနှင့် ဒေသအတွင်း ထုတ်ကုန်ပစ္စည်းပြပွဲ/ ပြိုင်ပွဲများ ကျင်းပခဲ့မှုအခြေအနေ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခြေခံစက်ပြင်ဘာသာရပ်၊ အခြေခံလျှပ်စစ်ဘာသာရပ်၊ အခြေခံဂဟေဆက်ဘာသာရပ်တို့ကို တက်ရောက်သင်ကြားမည့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၈ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ သံချည်သံကွေးအဆင့်(၁)နှင့် ကျောက်ပုံးရိုက်အဆင့်(၁) သင်တန်းဖွင့်လှစ်

**ပဲခူး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် သံချည်သံကွေးအဆင့်(၁)နှင့် ကျောက်ပုံးရိုက်အဆင့်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**လေ့ကျင့်သင်ကြားပေး**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုသင်တန်းသည် သင်တန်းသားများ၏ ကျွမ်းကျင်မှုအဆင့်ကို အမျိုးသားအဆင့်မီအောင် လေ့ကျင့်သင်ကြားပေးပြီး တစ်ဦးချင်းစီကို မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က အသိအမှတ်ပြု လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကဏ္ဍအလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရ လုပ်သားများရှိမှသာ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လုပ်သားများနှင့် ယှဉ်ပြိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်သဖြင့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ဒေသအတွင်းရှိသည့် ကျွမ်းကျင်လုပ်သားများထဲမှ အသင့်တော်ဆုံးဟု သတ်မှတ်ပြီး သင်တန်းတက်ရန် စေလွှတ်ခြင်းခံရသူများဖြစ်၍ သက်မွေးပညာရပ်ဆိုင်ရာများကို ကျွမ်းကျင်အောင်ကြိုးစားလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကြံ့ခိုင်ကောင်းမွန် ဘေးကင်းလုံခြုံသော အဆောက်အအုံများဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သံချည်သံကွေး အဆင့်(၁)နှင့် ကျောက်ပုံးရိုက် အဆင့်(၁) သင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်း ခန်းမများနှင့် သင်ထောက်ကူ ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းသို့ ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့၊ ကဝမြို့၊ သနပ်ပင်မြို့နှင့် ဝေါမြို့နယ်တို့မှ သင်တန်းသား စုစုပေါင်း ၆၀ တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်၍ ဗဟိုသင်တန်းကျောင်းမှ နည်းပြဆရာ ဆရာမများက စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး



**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန် တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက အမှတ်(၁၀) ရပ်ကွက် မေတ္တာလမ်းရှိ မြို့နယ်သမဝါယမ အသင်းစုခန်းမ၌ ကျင်းပသည်။

အစည်းအဝေး တွင် တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ဥက္ကဋ္ဌ ဦးသာအောင်ဒွေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ မူဝါဒများနှင့်အညီ သမဝါယမအသင်းများ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက အသင်းများအား အကျိုးအမြတ်ခွဲဝေငွေကျပ် ၇၅ သိန်းအား ပေးအပ်ခဲ့ပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်မြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်

**တာချီလိတ် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား လစဉ်ကုသိုလ်ပြုဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ယမန်နေ့က ဆောင်ရွက်ပေးသည်။

ဦးစွာ UBL, BLF Company မန်နေဂျင်း ဒါရိုက်တာ ဦးဘိုလေးက အဘိုးအဘွားများအား လစဉ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး တာချီလိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက အဘိုးအဘွားများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



ထို့နောက် ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းဆိုင်ကျောက်က အဘိုးအဘွားများအား လစဉ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုခြင်း အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ မန်နေဂျင်း ဒါရိုက်တာက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူ မဲပေးကြမယ် အစီအစဉ်များ စတင်ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မီဒီယာနည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲတွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး **"ဒို့အတူတူ မဲပေးကြမယ်"** ရွေးကောက်ပွဲလှုံ့ဆော်မှုများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့ကြီးများ၏ လူစည်ကားရာနေရာများတွင် **"ဒို့အတူတူ မဲပေးကြမယ်"**၊ **"ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"** Billboard များ စိုက်ထူခြင်း၊ တက္ကသိုလ်/ကောလိပ်များ၊ လူစည်ကားရာ နေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရန်ကုန်မြို့ရှိ YBS ကားများတွင် ကြော်ငြာများ ကပ်ခြင်းများဆောင်ရွက်၍ ပြည်သူများ မဲရုံများသို့ သွားရောက်၍မဲပေးနိုင်ရေး လှုံ့ဆော်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



















## ပုသိမ်မြို့၌ ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲပြုလုပ်

**ပုသိမ် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁) ရပ်ကွက် ကြိုးတံတားအနီးရှိ တောင်သူဦးသန်းထွန်း၏ လယ်မြေခြောက်ဧကတွင် ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးအား မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စိုက်တိုးမြှင့်ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ကြဲခင်းစနစ်ပပျောက်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားပြီး ဆောင်းသီးနှံနေကြာနှင့် ပိုက်ဆံလျှော် ကေပြည့်စိုက်ပျိုးကြရန် ဖြည့်စွက်မှာကြားသည်။ ထို့နောက် မရမ်းချောင်းကျေးရွာသို့ သွားရောက်၍ ဆောင်းသီးနှံနေကြာ၊ ပိုက်ဆံလျှော်နှင့် ဟင်းသီးဟင်းရွက်များကို ယခင်နှစ်ကထက် ဆောလျင်စွာ စိုက်ပျိုးနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ကုသရေးဦးစီးဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးလျက်ရှိ

**တောင်ကြီး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံခုတင်(၅၀၀)၌ ခွဲစိတ်ကုသမှုခံယူပြီးစီးသွားသည့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ သွားနှင့်ခံတွင်းလူနာများအား လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

အဆိုပါ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် သွား၊ ခံတွင်း ခွဲစိတ်ကုသမှုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များမှ ၂၄ ဦး လာရောက်ခွဲစိတ်ကုသမှု ခံယူလျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကုသရေးဦးစီးဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံခုတင်(၅၀၀)၌ ဆောင်ရွက်ပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စဝ်စံထွန်းဆေးရုံကြီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၁)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် LA စက်ခန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် Awareness Video Clip ပြသပြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများနှင့် ပရဟိတဂေဟာမှ အမျိုးသမီးလေးများက ရိုးရာအကအလှများဖြင့်လည်းကောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက အင်းတိုင်းရင်းသားအကဖြင့်လည်းကောင်း၊ ပရဟိတဂေဟာမှ သမီးငယ်လေးများက ပအိုဝ်းအကဖြင့်လည်းကောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အေရိုးဗစ်အကဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ဂွေးချိုကျေးရွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက ချောက်မြို့နယ် ဂွေးချိုကျေးရွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာ သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ထို့နောက် ကျောင်းခန်းမ၌ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ချောက်မြို့ စက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လူငယ်ရေးရာကိစ္စများ ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီးက လူငယ်ဘဝ၌ ပညာကို အဓိကသင်ယူကြရန်ဖြစ်ကြောင်း၊ အတတ်ပညာသာမက ဗဟုသုတပြည့်စုံပြီး မှန်ကန်စွာတွေးခေါ် စဉ်းစားတတ်သည့် ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပညာကိုဆုံးခန်းတိုင် သင်ယူနိုင်ရေးနှင့် ဖွင့်လှစ်ပေးထားသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားကြရန်လိုကြောင်း၊ ထူးချွန်စွာအောင်မြင်ကြပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် သိပ္ပံများ၊ တက္ကသိုလ်များသို့ ကူးပြောင်းတက်လှမ်း သင်ကြားနိုင်ကြမည်ဆိုပါက ဒေသအတွက်နှင့် နိုင်ငံအတွက် အကျိုးပြုမည့် လူငယ်အတတ်ပညာရှင်များဖြစ်လာပြီး ဒေသဂုဏ်ကို မြင့်မားစေနိုင်ကြောင်း။

နိုင်ငံတော်က **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ရည်မှန်းချက်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာထူးချွန်ထက်မြက်သော၊ ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွန်းလာစေရေး မိဘများနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းပြုစု ပျိုးထောင်ပေးကြစေလိုကြောင်း၊ လူငယ်များ အသိပညာဗဟုသုတပြည့်ဝရေး စာပေလေ့လာဖတ်ရှုမှုကို အားပေးကြရန်နှင့် ကျောင်းစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးနေစေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ လိုလားချက်နှင့်အညီ စစ်မှန် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေး မကြာမီကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အဖျက်အမှောင့်သမားများကို ဝိုင်းဝန်းဖော်ထုတ်ပြီး ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မိမိဒေသနှင့် နိုင်ငံ့အကျိုးကို အမှန်တကယ် စွမ်းဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်မဲပေးသင့်ကြကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက် အတွက် ပြန်ကြားရေး ဝန်ကြီးဌာနက လှူဒါန်းသည့် စာအုပ်စာစောင်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက လှူဒါန်းသည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယဝန်ကြီးက ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆောင်ရွက်ရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လုပ်ငန်းတာဝန်များ အရှိန်အဟုန်မပျက်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



**တောင်ကြီး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၃၀ ရက်တွင် မောက်မယ်မြို့နယ် မိုင်းပုတ်ကျေးရွာအုပ်စု ခိုဆိုင်းကျေးရွာရှိ မိုးစပါးစီမံကိန်း(သက်တံ့ရောင်စီမံကိန်း) သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ခိုဆိုင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မောက်မယ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**လမ်းညွှန်မှာကြား**

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မိုးနဲမြို့၊ မောက်မယ်မြို့နှင့် နမ့်စန်(တ)မြို့နယ်တို့ရှိ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် တွေ့ဆုံ၍ သမဝါယမကဏ္ဍမှဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) များကို လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန်၊ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**



ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် ပဒေသာဈေးနှင့် ငွေဝင်းဈေးတို့တွင် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်၊ စက်မှုကြီးကြပ်၊ ဈေးကော်မတီဝင်များနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ မင်းထက်သာ

**မီးဘေးရှောင် မလောင်ခင်တား**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ "ဟွေထိုက်" အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှု လိုက်လံကြည့်ရှု

မုံရွာ ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ"ဟွေထိုက်"အသေးစားရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ကုန်ကြမ်းပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါစီမံကိန်းသည်"ဟွေထိုက်"ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခုတည်ဆောက်၍ ရေသိုလှောင်ပြီး ရရှိလာမည့် ရေအားအမြင့်ကို အသုံးပြု၍ ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ နာဂရိုးရာယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် နာဂဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းများကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဘားအံ ဒီဇင်ဘာ ၁

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspots အရေအတွက် များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်အဆင့် လုပ်ငန်းအဖွဲ့အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်က ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ယခုအခါ ပွင့်လင်းရာသီသို့ရောက်ရှိနေပြီဖြစ်သည့်အတွက် လအလိုက် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မီးခိုးမြူငွေ့ညစ်ညမ်းမှု Hotspots အရေအတွက် လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူရက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်သူက အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဒီဇင်ဘာ ၁

**အားကောင်းသောမုန်တိုင်းငယ် အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၇၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၁၂ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့နှင့်အပြိုင် မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။



**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာ တို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကား များကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှား မှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။




## ဖြိုချဖျက်ဆီးပြီးဖြစ်

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော တစ်ထပ်အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၃၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံးအနက် ၂၈၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်သော အဆောက်အအုံ ၆၁ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်း ယူဆောင်သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အတွင်း တရားမဝင်အဆောက်အအုံ ၁၃ လုံးကို ထပ်မံ ချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင် အဆောက်အအုံ စုစုပေါင်း ၁၃၂ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၃၁ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၃၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၁၉၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


တရားမဝင် နိုင်ငံခြားသားများ ထားရှိသည့် ငါးထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။


မီးရှို့ဖျက်ဆီးမည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။


တရားမဝင် နိုင်ငံခြားသားများ ထားရှိသည့် တစ်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် တစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက်အမှတ် C 6 လူနေအဆောက်အအုံ မဖြိုဖျက်မီ (အပေါ်ပုံ)နှင့် ဖြိုဖျက်ပြီး (အောက်ပုံ)ကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်စားသောက်ခန်းအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းလုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ် ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၈ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ကျောက်မဲမြို့နယ် အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက်တွင် ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ၏တောင်ဘက် ဒုဋ္ဌဝတီမြစ်အနီးသို့ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများအား မတွေ့ရှိရဘဲ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အိပ်ဆောင်ခြောက်လုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ လုပ်ငန်းဆောင်ငါးလုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အစားအစာသိုလှောင်ရုံခြောက်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ ဆောက်လုပ်ဆဲ လုပ်ငန်းဆောင်တစ်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ ဆောက်လုပ်ဆဲ အိပ်ဆောင်တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၅ ပေရှိ အထွေထွေသုံးအဆောင်တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၀ ပေရှိ သုံးထပ်သားကာ တန်းလျားရှည်အိမ်သာ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ၁၀ ပေရှိ အိပ်ခန်းတွဲလေးခန်းတွဲ အိပ်ဆောင်တစ်လုံး၊ အိပ်ခန်းလေးခန်းတွဲ (ရိကျွာစတိုပါ) နှစ်ထပ်ဆောင်တစ်လုံး၊ မီးစက်အကြီး တစ်လုံး၊ ၁၅ ပေအမြင့် ကင်းစောင့် သစ်သားမျှော်စင်ငါးလုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေ အိပ်ဆောင်တန်းလျားတစ်လုံး၊ အလျား ပေ ၇၀၀၊ အနံပေ ၄၀၀၊ သွပ်ကာခြံဝင်းတစ်ခု၊ ALL IN ONE DESKTOP ကွန်ပျူတာ အလုံး ၃၀၊ STAR LINK ဗန်း ၁၀ ခု၊ AIR COOLER တစ်လုံး၊ XIAOMI ဝိုင်ဖိုင်စက်နှစ်လုံး၊ SOUND BOX တစ်လုံး၊ POWER STATION သုံးလုံး၊ ငွေရေတွက်စက် တစ်လုံး၊ ငွေကတ်ဖြတ်စက် သုံးလုံး၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ကျောက်မဲမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် တောင်ထိပ်ကျေးရွာအနီး ထပ်မံ၍ရှင်းလင်းရာ အဆိုပါနေရာ၏မြောက်ဘက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသူများ ဖြစ်သည့် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ ယနေ့တွင် အဆိုပါနေရာ၏မြောက်ဘက် တောင်ထိပ်ကျေးရွာ၏ တောင်ဘက်တွင် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ တောင်ထိပ်ကျေးရွာ၏ မြောက်ဘက်ရှိ ပုံပိုးကျေးရွာ အနီးတွင်လည်း တရုတ်နိုင်ငံသား ရှစ်ဦးအားလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ရာနေရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

**ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပ နိုင်ငံသားများအား လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး ဆောက်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးနေစဉ်။



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများကို စက်ယန္တရားဖြင့် ဖျက်ဆီးနေစဉ်။

---

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အထက(၂)၌ ဒီဇင်ဘာ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ ဆောင်ရွက်စဉ်။

မိုးဟိန်းထက်





စစ်ကိုင်းတိုင်း ဒေသကြီး ကွျန်းလှမြို့နယ်၌ နိုဝင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းဟန်နှင့်သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ရေကန်များ ရေဖြည့်ထားခြင်းရှိ/မရှိ စစ်ဆေးစဉ်။ မျိုးဝင်းညို (ကွျန်းလှ)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိတို့မဲစာရင်းများ ပါ၊ မပါသိရှိနိုင်ရန် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့်အမည်စာရင်းနှင့် မဲစာရင်း၌ပါဝင်သည့်အမည်စာရင်း မှန်၊ မမှန်စိစစ်၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


ရန်ကင်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


လားရှိုးမြို့တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)


ပုသိမ်ကြီးမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ချောက်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ကလေးမြို့နယ်တွင် ဆောင်ရွက်စဉ်။ ကျော်ဝင်း(ကလေး)


အင်းစိန်မြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)


ပေါက်ခေါင်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)


ကြည့်မြင်တိုင်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


တောင်ကြီးမြို့နယ်တွင် ဆောင်ရွက်စဉ်။ ပြည်နယ်(ပြန်/ဆက်)


မင်္ဂလာဒုံမြို့နယ်တွင် ဆောင်ရွက်စဉ်။ မင်းသိန်းထွန်း


တွံတေးမြို့နယ်တွင် ဆောင်ရွက်စဉ်။ မျိုးလှိုင်(တွံတေး)


သဲကုန်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ကမမောင်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ ကမမောင်း(ပြန်/ဆက်)


ပုဗ္ဗသီရိမြို့နယ်တွင် ဆောင်ရွက်စဉ်။ အောင်ကို(ပုဗ္ဗသီရိ)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်


လသာမြို့နယ်တွင် ဆောင်ရွက်စဉ်။ နေလင်း(ပြန်/ဆက်)


သုံးခွမြို့နယ်တွင် ဆောင်ရွက်စဉ်။ စည်သူလင်း(ပြန်/ဆက်)


လမ်းမတော်မြို့နယ်တွင် ဆောင်ရွက်စဉ်။ ကျော်ဆန်းမြင့်


ရေကြည်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


အုတ်တွင်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခင်ခင်မာ(ပြန်/ဆက်)


မအူပင်မြို့နယ်တွင် ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)


သာကေတမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ကျောက်တန်းမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ကျုံပျော်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ဒဂုံမြို့နယ်တွင် ဆောင်ရွက်စဉ်။ ကျော်သူဟိန်း(ပြန်/ဆက်)


မြဝတီမြို့နယ်တွင် ဆောင်ရွက်စဉ်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)


မြောက်ဥက္ကလာပမြို့နယ်တွင် ဆောင်ရွက်စဉ်။
သက်လွင်စိုး(ပြန်/ဆက်)


လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ဆောင်ရွက်စဉ်။
ဖွဲ့ထက်ကို(ပြန်/ဆက်)


လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ဆောင်ရွက်စဉ်။
မြို့နယ်(ပြန်/ဆက်)


မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဆောင်ရွက်စဉ်။
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၈၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဓ - ၂၈၁၉၇၁

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ**

ဋ - ၅၇၁၅၆၂ င - ၈၃၄၈၂၆

ကံထူးရှင်(၂)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ**

ဋ - ၄၀၇၇၂၈ ခ - ၄၁၆၆၃၀

ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

င - ၁၆၃၄၀၄ ည - ၃၁၄၃၄၃

ဃ - ၂၆၆၄၅၅ ဃ - ၄၀၈၁၂၈

ကံထူးရှင်(၄)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

ည - ၁၁၉၈၀၉ ဈ - ၄၈၅၁၆၂

စ - ၂၃၇၀၁၀ ဋ - ၅၂၀၀၉၀

ည - ၄၁၈၆၇၇ ဃ - ၈၂၆၀၈၁

ကံထူးရှင်(၆)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

င - ၁၁၇၀၇၂ ည - ၄၆၂၃၂၈ ဂ - ၉၂၁၉၅၄

ခ - ၂၃၃၈၉၃ ဓ - ၅၈၂၄၅၈ ည - ၉၄၇၅၉၁

ဂ - ၂၆၂၀၇၀ ဋ - ၈၆၀၂၈၆ စ - ၉၇၆၆၉၀

ကံထူးရှင်(၉)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

ဋ - ၃၂၂၃၁၈ ဆ - ၆၆၉၈၇၇

စ - ၃၉၅၇၂၁ ဃ - ၆၉၈၃၂၆

င - ၄၀၄၉၀၁ ဆ - ၈၀၂၂၁၅

ခ - ၅၁၅၄၀၇ ခ - ၈၃၆၂၅၁

ဂ - ၅၃၉၉၆၄ ဓ - ၈၄၆၄၄၃

က - ၆၃၆၆၂၅ ဂ - ၉၅၅၉၈၅

က - ၆၅၁၅၁၃

ကံထူးရှင်(၁၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

စ - ၁၃၀၁၄၅ ဓ - ၂၈၈၀၁၇ ဋ - ၆၂၅၆၇၆

စ - ၁၅၂၁၃၉ ခ - ၃၁၉၀၀၃ က - ၆၉၁၉၃၅

ဓ - ၁၈၀၁၇၈ က - ၃၃၅၀၂၆ ဂ - ၈၀၄၄၀၈

ခ - ၂၀၄၇၈၆ ဓ - ၃၆၃၈၇၆ ဋ - ၈၁၄၂၆၁

ဃ - ၂၂၁၄၄၆ ည - ၄၂၆၂၅၄ င - ၈၂၂၉၄၆

ဆ - ၂၄၃၆၁၅ င - ၄၆၈၉၈၆ ဋ - ၉၄၃၅၆၈

ကံထူးရှင်(၁၈)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ဂ - ၁၂၀၇၆၉ ဈ - ၇၅၁၁၇၅

င - ၁၃၁၃၅၆ င - ၇၆၄၆၅၄

ဋ - ၁၃၆၀၆၄ င - ၈၁၈၃၉၆

ဆ - ၂၀၃၉၆၃ ဃ - ၈၂၆၈၂၁

ဈ - ၃၆၆၅၅၃ ဓ - ၈၂၉၄၄၈

က - ၃၉၀၆၇၉ ဆ - ၉၂၂၇၇၅

ဆ - ၄၁၉၀၂၇ စ - ၉၅၁၄၈၇

ဈ - ၄၈၀၇၀၀ င - ၉၆၃၇၀၇

ဓ - ၅၅၀၇၃၁ ဆ - ၉၇၂၅၃၆

ဋ - ၆၈၂၅၆၅ င - ၉၇၉၅၉၈

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

ဈ - ၃၃၉၈၆

င - ၃၄၈၂၅

က - ၆၉၁၁၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်**

က - ၁၁၀၅ ဈ - ၅၈၉၂

ဓ - ၄၂၁၁ ဓ - ၆၂၆၅

ဓ - ၄၅၄၃ ည - ၆၄၂၁

ဃ - ၄၅၈၉ စ - ၈၇၄၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၅)ယူနစ်**

ဂ - ၁၈၅ ည - ၃၆၉ ဋ - ၇၀၆

ဃ - ၃၁၀ ခ - ၄၀၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်**

က - ၂၅ ဂ - ၅၁ င - ၆၈ ဓ - ၇၆ ဈ - ၈၉ ဓ - ၉၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

င - ၅

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ဆ - ၂၉၈၅၁၅ ည - ၆၂၉၆၁၄

ခ - ၄၂၄၈၁၀ ဈ - ၉၈၇၈၄၀

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

င - ၄၄၇၃၂ ဆ - ၅၅၂၀၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

က - ၂၅၄၅ ခ - ၆၂၂၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

စ - ၃၀၀ ည - ၇၆၉

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၆၈၁၂၉ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၆၈၁၂၉ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဠ) အက္ခရာထိ အက္ခရာ (၁၂)လုံး ဖြစ်ပါသည်။

၃။ (၈၁)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂ - ၁၂ - ၂၀၂၅ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၅-၁၂-၂၀၂၅ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများအားကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြ...

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

❖ "ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်....

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်( Live ) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီ မိနစ် ၃၀ မှစတင်၍ MRTV –HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ ဖတ်စရာ

**KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်**

စာမျက်နှာ » ၁၄

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ**



စာမျက်နှာ » ၁၅

**တန့်ယန်းမြို့နယ်၌ တန်ဖိုးငွေကျပ် ၂၄၉၉ သိန်းတန်ဖိုးနှင့် လွိုင်လင်မြို့နှင့် လားရှိုးမြို့တို့၌ တန်ဖိုးငွေကျပ်သိန်း ၂၂၄၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၈



(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကနူး/ကယက် လှေလှော်အားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာစဉ်။

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကနူး / ကယက်လှေလှော်အားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကနူး/ကယက်လှေလှော်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယနေ့တွင် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများသည် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ်ကစားသမား ၂၃ ဦးရွေးချယ်



မြန်မာအမျိုးသမီးအသင်းသားများကို တွေ့ရစဉ်။

ရန်ကုန် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဦးကြည်လွင်၊ နည်းပြချုပ်- ယုကီတက်ဆုရို(ဂျပန်)၊ လက်ထောက်နည်းပြ-ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းသိန်း၊ ဒေါ်သူဇာထွေး၊ ဂိုးနည်းပြ- ဦးစိန်အေး၊ အားကစားသမားများအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❍